ဒိုးပင်ကျေးရွာအုပ်စု၊မိချောင်းအိုက်ကျေးရွာ
ထီးချိုင့်မြို့နယ်
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀-၂၀၂၁ မှ ၂၀၂၅)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မိချောင်းအိုက်ကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဇူလိုင်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	မိချောင်းအိုက်ကျေးရွာ သယံဇာတပြမြေပုံ၊ ထီးချိုင့်မြို့နယ်	၅
	မိချောင်းအိုက်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်	၆
	မိချောင်းအိုက်ကျေးရွာရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်း (Venn Diagram)	၇
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၀
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၁
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၁
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၈
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၅ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေး သော သမဝါဘမနှင့်၊ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက် ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက် အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ် သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။


ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြ ဇယားစသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။


ဇူလိုင်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မိချောင်းအိုက်ကျေးရွာ
ထီးချိုင့်မြို့နယ်


မိချောင်းအိုက်ကျေးရွာသယံဇာတပြမြေပုံထီးချိုင့်မြို့နယ်



မိချောင်းအိုက်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ထီးချိုင့်မြို့



မိချောင်းအိုက်ကျေးရွာ ရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံ(Venn Diagram) ၊ထီးချိုင့်မြို့နယ်



ဒိုးပင်ကျေးရွာအုပ်စု၊ မိချောင်းအိုက်ကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၂၀-၂၁	၂၂-၂၃	၂၃-၂၄	၂၄-၂၅	၂၅-၂၆
၁	ကျေးရွာတွင်း ဂျင်းကျောက်လမ်းခင်းခြင်း	၁					
၂	ရေပိုက်လိုင်းများသွယ်တန်းခြင်း	၂					
၃	ကွန်ကရစ်တံတားဆောက်လုပ်ခြင်း	၃					
၄	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၄					
၅	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း	၅					

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မိချောင်းအိုက်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ထီးချိုင့်မြို့နယ် ဒိုးပင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ကျေးရွာ၏အနောက်ဘက်တွင် မင်းဝံတောင်တန်းနှင့်တောင်ဘက်တွင် ဒိုးပင်ကျေးရွာ တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၃၅၅)ဧက၊ကိုင်းကျွန်း(၈၉၈)ဧက စုစုပေါင်း (၁၂၅၃)ဧက ရှိပါသည်။ကျေးရွာတွင် မိုးစပါး ၊ မြေထောက် ၊ ပဲရင်း၊မြေပဲနှင့် နေကြာများကိုသာ အများဆုံးစိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အိမ်ထောင်စု (၁၇၄)စု ကျား (၃၅၂)ဦး၊မ (၃၃၆)ဦး စုစုပေါင်း (၇၁၈)ဦး ရှိပါသည်။ ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ပြည်သူ့စစ်နှင့် မီးသတ်အဖွဲ့ (ကျား-၁၀)ဦး၊ ဂေါပကအဖွဲ့(ကျား-၃၂)ဦး၊ ဓမ္မစကြံ့ဘအဖွဲ့(မ-၂၃ဦး)၊ ကျေးရွာစပါးအသင်း (ကျား-၃၀ဦး)၊(မ-၂၉ဦး)၊လူငယ်အားမာန်အဖွဲ့ (ကျား-၁၃ဦး)၊(မ-၁၅ဦး) တို့သည် ကျေးရွာ၏ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြပါသည်။ဂေါပကအဖွဲ့(ကျား-၃၂)ဦး၊ဓမ္မစကြံ့ဘအဖွဲ့(မ-၂၃ဦး)တို့သည် ရွာဦးကျောင်းရှိ သံဃာတော်များနှင့်ပူးပေါင်း၍ ကျေးရွာ၏ ဘာသာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မိချောင်းအိုက်ကျေးရွာသည် (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ (၃)အိမ်ထောင်စု၊ (၂.၅)ဧကနှင့် (၅)ဧကကြားတောင်သူငယ် (၁၇)အိမ်ထောင်စု၊ (၅)ဧကနှင့် (၁၂.၅)ဧကကြား (၃၈)အိမ်ထောင်စု၊ (၁၂.၅)ဧကနှင့်အထက် ပိုင်ဆိုင်သူတောင်သူကြီး (၂၅)အိမ်ထောင်စု စသည် တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ မြေပဲနှင့် နေကြာ၊ပဲရင်း၊မြေထောက်ပဲများကို အားထားစိုက်ပျိုး ကြပါသည်။မြေယာမဲ့ လက်လုပ်လက်စားမှာ(၉၁)အိမ်ထောင်စုရှိပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေနည်းပါးသောကြောင့် နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်းနည်းပါးပါသည်။စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၈၀)တင်းထွက်ရှိပါသည်။မြေပဲအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၃၀)တင်း

ထွက်ရှိပြီးပဲရင်းတစ်ဧကပျမ်းမျှ(၂၀)တင်း၊နေကြာအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၃၅)တင်း နှင့်မြေထောက်ပဲအထွက်နှုန်းမှာ တစ်ဧကလျှင်(၁၅)တင်းထွက်ရှိပါသည်။ကျေးရွာတွင် ထွန်စက်ကြီး (၈)စီး၊ လက်တွန်းထွန်စက်(၁၇)စီး၊ခွေလှေစက်(၄)စီး၊ ရေစုပ်စက်(၂၆)စီး နှင့် မြက်ရိတ် စက်(၇)စီး ရှိပါသည်။အချို့သောတောင်သူများသည် လုပ်ငန်းအတွက် လိုအပ်သောစက်များကို ငှားရမ်းလုပ်ကိုင်ကြ ပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊သီးနှံမျိုးစေ့များကို မြို့နှင့်အလှမ်းဝေးသော်လည်း လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ကျေးရွာတွင် တောင်သူ လုပ်ငန်းလုပ်ကိုင်ရာတွင် ရာသီဥတုမမှန်ခြင်း၊စိုက်ပျိုးရေအတွက် ဆည်မြောင်းရေ မရရှိခြင်း၊ နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရရှိခြင်းတို့ကြောင့် သီးနှံအထွက်နည်းခြင်း၊သီးနှံ ဈေးကွက်တွင်လည်း ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန် စွာဖြင့်မရောင်းချနိုင်ပါ။

(ခ) မွေးမြူရေးလုပ်ငန်း

မိချောင်းအိုက်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၇၁)အိမ် ရှိပြီး နွားကောင်ရေ (၂၃၁)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု(၁၄၁) အိမ်ရှိပြီး ဝက်ကောင်ရေ (၃၁၄)ကောင်နှင့် ကြက်မွေးမြူထားသည့်အိမ်ထောင်စု (၁၂၃)အိမ်ရှိပြီး ကြက်ကောင်ရေ(၇၃၉) ကောင် ခန့် နှင့် ဘဲမွေးမြူထားသည့်အိမ်ထောင်စု(၂)အိမ်ရှိပြီး ဘဲကောင်ရေ(၁၁)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် ယာဉ်မောင်းလုပ်ငန်း၊ ဈေးအရောင်းအဝယ်လုပ်ငန်းများ စသည်ဖြင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။အခြားအတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု အားနည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧက (၁၅၀၀၀၀)သိန်းနှုန်းဖြင့် အများဆုံး (၁၀)ဧကအထိ ချေးယူနိုင်

ကြပါသည်။ဆင်းရဲနွမ်းပါးသောမိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါး ကြပါသည်။ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ (၅-၁၀)ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့်အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများရရှိရန်လို လားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် လှေ/သမ္ဘာန်(၁၇၀)စီး၊ စက်လှေ(၂)စီး၊ စက်ဘီး(၉၈)စီး၊ မော်တော်ဆိုင်ကယ် (၁၆၂)စီး၊ကား(၃)စီးနှင့်နွားလှည်း(၅၁)စီးအား သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းရရှိသော်လည်း ကျေးရွာရှိ အိမ်ထောင်စုအားလုံး အသုံးမပြုနိုင်သေးပါ။ ဆိုလာမီးသုံးစွဲနေသောအိမ်ထောင်စု(၅၀)ရှိပြီး ကျန်(၅၀)စုမှာ ဖယောင်းတိုင် မီးကိုသာ အသုံးပြုနေရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မိချောင်းအိုက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း (၂၇၃)လုံး၊ တီဗီ(၉၄)လုံး၊ ဂြိုလ်တုစလောင်း(၉၄)လုံး၊ ရေဒီယို(၂)လုံးတို့ရှိသည့်အတွက် ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်များရရှိပါသည်။

၆။ ပညာရေး

မိချောင်းအိုက်ကျေးရွာရှိ ကျောင်းသား/ကျောင်းသူများသည် မူလွန်အဆင့်ဖြင့်ပညာ သင်ကြားလျက်ရှိပါသည်။အလယ်တန်းပညာရေးအား ဒိုးပင်ကျေးရွာသို့လည်းကောင်း၊ အထက်တန်း ပညာရေးအား ထီးချိုင့်မြို့သို့လည်းကောင်း သွားရောက်ပညာသင်ကြားကြရပါသည်။

ကျေးရွာတွင်စာမတတ်သည့် လူဦးရေမရှိပါ။မူလတန်းအဆင့် စာတတ်မြောက်သူများမှာ လူဦးရေ၏ (၈၂)ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၆)ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၅)ရာခိုင်နှုန်းနှင့် တကသိုလ်အဆင့် စာတတ်မြောက်သူများမှာ (၇)ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့်ကာကွယ်ဆေးများအား ကျေးရွာ အထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျက်ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မိချောင်းအိုက်ကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

မိချောင်းအိုက်ကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။ သဘာဝဆေးဖက်ဝင်အပင်များနှင့်သဘာဝတိရစ္ဆာန်မျိုးစိတ်များပေါများပါသည်။မိုးရာသီတွင်ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။သွေးတိုးရောဂါနှင့်ဆီးချိုရောဂါဖြစ်ပွားသည့်လူနာအနည်းငယ်ရှိပါသည်။ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ကြက်၊ **ဝက်ဆိုင်ရာ** ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မိချောင်းအိုက်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများမှလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်သည့်လုပ်ငန်းများတွင်လည်း အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာတွင်အမျိုးသမီး အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုအတွက်ကာကွယ်ရမည့်တရားနည်းဥပဒေ ဆိုင်ရာ အသိပညာ များ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဒိုးပင်			ကျေးရွာအမည် – မိချောင်းအိုက်	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩ ထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးလုပ်ငန်းကိုစီးပွားရေးအမြင်ဖြင့်လုပ်ဆောင်နိုင်ရန်စီးပွားရေးအမြင်ဖွင့်သင်တန်းများပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ဈေးကွက်သို့ တက်လှမ်းခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား၊အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများစီစဉ်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများစီစဉ်ခြင်း(ကွန်ပျူတာ၊ ဘာသာစကား၊စက်ချုပ်၊မုန့်မျိုးစုံ၊စက်ပြင်၊ဆိုင်ကယ်ပြင်)	
၁၁	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	

ကျေးရွာအုပ်စုအမည် – ဒိုးပင်			ကျေးရွာအမည် – မိချောင်းအိုက်	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၂	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ရာသီအလိုက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးခြင်း	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း။	
၁၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ကျောင်းတွင်း၊ကျောင်းပြင်ပ ကျန်းမာရေး အထောက်အကူပြုသင်တန်းများ၊ပစ္စည်းများ ရရှိအောင်ဆောင်ရွက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းတွင်းပရိဘောဂများ လုံလောက်စွာဖြည့်တင်းခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းတွင်းပညာပေး သရုပ်ပြစာစောင်များ၊ဗဟုသုတစာပေများထားရှိခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကလေးများအတွက်မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း။	
၁၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်းများကို မြေသားလမ်းအဆင့်မှကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	
၁၉	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၂၀	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။	
၂၁	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	
၂၂	သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၂၃	ဆက်သွယ်ရေး		ဆက်သွယ်ရေးဧရိယာတိုင် တပ်ဆင်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	
၂၄	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	

နောက်ဆက်တွဲ (၁)

မိချောင်းအိုက်ကျေးရွာ၊ဒိုးပင်ကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်သန်း	ဦးစံလင်း	၅/ထခန(နိုင်) ၀၆၃၅၆၇	၆၀	ဥက္ကဋ္ဌ(ဖွံ့ဖြိုးရေး)	၀၉-၄၂၁၁၈၆၇၄၀
၂	ဦးဖိုးမဲ	ဦးစိန်ပန်း	၅/ထခန(နိုင်) ၀၃၉၄၇၆	၅၂	အတွင်းရေးမှူး	၀၉-၈၉၅၁၁၄၃၉၄
၃	ဒေါ်ခင်လုံး	ဦးစိန်ပန်း	၅/ထခန(နိုင်) ၁၆၃၅၁၄	၄၄	ဘဏ္ဍာရေးမှူး	၀၉-၂၅၇၀၉၁၁၈၅
၄	ဒေါ်သန္တာခိုင်	ဦးမျိုးဝင်း	၅/ထခန(နိုင်) ၀၈၂၆၈၁	၂၅	စာရင်းကိုင်	၀၉-၄၅၀၅၁၉၂၂၁
၅	ဒေါ်နီနီစန်း	ဦးလှမောင်	၅/ထခန(နိုင်) ၀၅၆၁၃၃	၃၉	သေ့ကိုင်(၁)	၀၉-၂၅၃၅၉၇၉၉
၆	ဒေါ်ရင်အေး	ဦးဝင်းစိန်	၅/ထခန(နိုင်) ၀၅၉၅၆၆	၃၄	သေ့ကိုင်(၂)	၀၉-၄၀၃၂၇၉၇၇
၇	ဦးသိန်း	ဦးဝေကြီး	၅/ထခန(နိုင်) ၀၃၉၃၇၀	၅၂	ဥက္ကဋ္ဌ(ဝယ်ယူရေးဆပ်)	၀၉-၂၅၉၅၁၆၈၃၂
၈	ဦးကြည်သင်း	ဦးဘချို	၅/ထခန(နိုင်) ၀၅၉၁၆၂	၆၁	အဖွဲ့ဝင်	၀၉-၄၀၁၂၇၇၇၉၁
၉	ဦးမောင်ဝင်း	ဦးသိန်းဖေ	၅/ထခန(နိုင်) ၀၃၉၃၇၈	၆၁	အဖွဲ့ဝင်	၀၉-၂၅၄၇၄၆၆၇၂

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၆	၁	၇	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၇	၂၉	၅၆	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၆	၄၃	၇၉	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၇	၅၀	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၇	၂၆၄	၅၁၁	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၃	၂	၁၅	-	-
စုစုပေါင်း		၃၅၂	၃၆၆	၇၁၈	-	-
စုစုပေါင်း အိမ်ထောင်စု		၁၇၄				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ် ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ် များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာသည် အိမ်ထောင်စု(၁၇၄)စု၊ လူဦးရေ(၇၁၈)ဦး ရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၇)ဦး၊ (၅)နှစ်အောက်ကလေးငယ် (၅၆)ဦး၊ မူလတန်းကျောင်းသား အရွယ် (၇၉)ဦး ၊ အလယ်တန်းကျောင်းသားအရွယ်(၅၀)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်(၅၁၁)ဦး၊ သက်ကြီး ရွယ်ကြီး (၁၅)ဦး ရှိပါသည်။ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၉%) ရှိပါသည်။အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၂၄၇)ဦး၊ မ (၂၆၄)ဦး စုစုပေါင်း(၅၁၁)ဦး ရှိပြီး တစ်ရွာလုံးရှိလူ ဦးရေ၏ (၇၁%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၃)ဦးခန့်ရှိပြီး ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင်(၄)ဦးခန့်ရှိပါသည်။ကျေးရွာအတွင်း အလုပ်လုပ်နိုင်သည့်လူဦးရေ များပြားမှုကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ–၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၉၄	၂၅၄	၂၂	၃၁	၄၆		မြင့် ✓ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈၀	၁၉၁	၁၁	၈	၁၀		မြင့် ☐ လတ်☐ နိမ့်✓
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၁၄၁	၄၄၅	၃၃	၃၉	၅၆		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်
လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။
လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာသည် အလုပ်လုပ်ကိုင်နိုင်သူ အများအပြားရှိသည့်အနက် စိုက်ပျိုးရေး ကိုယ်ပိုင်လုပ်ကိုင်သူများနှင့် စိုက်ပျိုးမြေယာများကို အဋ္ဌားလုပ်သူများလည်း ရှိပါသည်။စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သော မိသားစုများ မရှိသော်လည်း တပိုင်တနိုင်အိမ်စားရုံမှ မွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ဝန်ထမ်းလုပ်ကိုင်သူ မိသားစုများလည်းရှိပြီး ပို့ဆောင်ရေးကဏ္ဍတွင် ကားမောင်းခြင်းဖြင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ကျေးရွာတွင် တစ်ပိုင်တစ်နိုင်စေ့ရောင်းသူအနည်းငယ် သာရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၇၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် နေထိုင်သော ရွာသူရွာသားများသည် မိရိုးဖလာလုပ်ငန်းဖြစ်သော တောင်သူလုပ်ငန်းများတွင်သာ အဓိကလုပ်ကိုင်သည်ကို လေ့လာတွေ့ရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၃၅၅	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၈၉၈	ကောင်း ☐	သင့်☐	ညံ့ ✓
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၂၅၃	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာရှိ ရွာသူရွာသားများသည် လယ်မြေ(၃၅၅)ဧကနှင့် ကိုင်းကျွန်းမြေ(၈၉၈) ဧက လုပ်ကိုင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ✓
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း✓ မရှိ	☒	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာသည် မြေနိမ့်ပိုင်းဒေသဖြစ်သဖြင့် ကိုင်းကျွန်းမြေအမျိုးအစားဖြစ်သောကြောင့် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ရှားပါးသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၂	၆၆	၅၃	၃၃

ရင်းမြစ် ... (ဘ) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာ၏ ရွာလုံးကျွတ်အစည်းအဝေးနှင့် စစ်တမ်းကောက်ယူမှုများအရ (A)အဆင့်ရှိအိမ်ထောင်စု(၂၂)စု၊ (B)အဆင့်ရှိအိမ်ထောင်စု(၆၆)စု၊ (C)အဆင့်ရှိအိမ်ထောင်စု(၅၃)စုနှင့် (D)အဆင့်ရှိ အိမ်ထောင်စု(၃၃)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c–ဘ) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၁၇	၈	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၅____ လုပ်အားခကြိုယူ = ____၁၂____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၉	၃	အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၃_____ လုပ်အားခကြိုယူ = ____၆____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ။မိချောင်းအိုက်ကျေးရွာရှိဥစ္စာဓနအဆင့် "၃" "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့်အိမ်ထောင်စုစုစုပေါင်း၏ (၆၅)ရာခိုင်နှုန်းမှာ (၃)လ အောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး ၊ (၃၅)ရာခိုင်နှုန်းမှာ (၃-၅)လ အထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခ ကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြရပါသည်။ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ထမင်း တစ်နပ် လျော့စားခြင်း၊များမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါ သည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၅	၆	၁၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၃		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၂		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုနှင့် လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်ပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု		-	✓	✓	-	-
၂	လျှပ်တပြတ်ရေကြီးခြင်း		-	✓	✓	-	-
၃	မုန်တိုင်းဒီရေ	-	-	✓	✓	-	-
၄	ဆူနာမီ	-	-	-	-	-	-
၅	တိုင်ဖုန်းမုန်တိုင်း	-	-	-	-	-	-
၆	လေဆင်နာမောင်း	-	-	-	-	-	-
၇	ငလျင်	-	-	-	-	-	-
၈	အပူလှိုင်း	-	-	✓	✓	-	-
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	-	-	-	-	-	-
၁၀	အအေးလှိုင်း	-	-	-	-	-	-
၁၁	မိုးသီးကြွေကျမှု	-	-	-	-	-	-
၁၂	မိုးခေါင်ခြင်း	-	-	✓	✓	-	
၁၃	တောမီးလောင်ခြင်း	-	-			-	-
၁၄	မြစ်ကမ်းပါးပြိုခြင်း	-	-	✓	✓	-	-
၁၅	ကမ်းရိုးတန်းတိုက်စားမှု	-	-	✓	✓	-	-
၁၆	မြေပြိုခြင်း	-	-	✓	✓		-
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	-	-	✓	✓	-	-
၁၇	စားနပ်ရိက္ခာမဖူလုံမှု	-	-	✓	✓	-	-
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	-	-	✓	✓	-	-
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	-	-	✓	✓	-	-
၂၀	သစ်တောပြုန်းတီးခြင်း	-	-	-	-	-	-
၂၁	ငှက်ဖျားရောဂါ	✓	-	-	✓	-	-
၂၂	တီဘီရောဂါ	✓	-	-	✓	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	–	–	–	–	–	–
၂၄	ကပ်ရောဂါ	–	–	✓	✓	–	–
၂၅	ပြည်တွင်းပဋိပက္ခ	–	–	–	–	–	–
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	–	–	✓	✓	–	–
၂၇	လူကုန်ကူးခြင်း	–	–	–	–	–	–
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓	–	–	✓	–	–

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။

အိမ်ထောင်စုဝင်တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စုဝင်တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်

အိမ်ထောင်စုဝင်တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာသည် ရေကြီးရေလျှံဒေသဖြစ်သောကြောင့်မြစ်ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းရေကြီးချိန်တွင် စားနပ်ရိက္ခာမဖူလုံခြင်းများကို နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေကြရသည်ကို လေ့လာတွေ့ရှိရပါသည်။

(၈–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	–	–	✓	✓	–	–
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	–	✓	–	✓	–	–
၃	ဆင်းရဲသားတောင်သူ	–	–	✓	✓	–	–
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ	–	–	✓	✓	–	–

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	ထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	–	–	✓	✓	–	–
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	–	–	✓	✓	–	–
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ **(IDP)**	–	–	–	–	–	–
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	–	–	–	–	–	–
၉	ငါးကန်ပိုင်ရှင်များ	–	–	–	–	–	–
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	–	–	✓	✓	–	–
၁၁	လူနည်းစုလူမျိုးများ	–	–	–	–	–	–
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	–	–	–	–	–	–
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	–	–	–	–	–	–
၁၄	ရွှေတွင်းလုပ်သားများ	–	–	–	–	–	–
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	–	–	–	–	–	–
၁၆	နေရပ်ပြန်အခြေချသူများ	–	–	–	–	–	–
၁၇	ရွှေ့ပြောင်းလုပ်သားများ	–	–	–	–	–	–
၁၈	ကားမောင်းပြီးအသက်မွေးသူများ	–	✓	–	–	–	✓

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် နေထိုင်သောရွာသူရွာသားများသည် အများစုမှာမြေယာပိုင်ဆိုင်မှုရှိသော်လည်း အချို့မှာလက်လုပ်လက်စားကျပန်းအလုပ်သမားများဖြစ်သောကြောင့်လည်းကောင်း၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်သောကြောင့်လည်းကောင်း ထိခိုက်လွယ်မှုအခြေအနေ အမြင့်ဆုံးဖြစ်သည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအယခြေအနေ

(က–၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပက အဖွဲ့	၁☐၂☐၃✓	၃၂	-	၃၂	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း✓ သင့်☐ ညံ့☐
၂	ပြည်သူ့စစ် အဖွဲ့	၁☐၂✓၃☐	၁၀	-	၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း☐ သင့်✓ ညံ့☐
၃	ဓမ္မစကြာ အဖွဲ့	၁☐၂☐၃✓	-	၂၃	၂၃	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်✓ ညံ့☐
၄	ကျေးရွာ စပါးအသင်း	၁☐၂✓၃☐	၃၀	၂၉	၅၉	ပညာရေး☐ငွေကြေး✓ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်✓ ညံ့☐
၅	လူငယ် အားမာန် အဖွဲ့	၁☐၂✓၃☐	၁၃	၁၅	၂၈	ပညာရေး☐ ငွေကြေး✓ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်✓ ညံ့☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	လူပျိုအဖွဲ့	၁□/၃□	၃၅	-	၃၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး/	ကောင်း□ သင့်/ ညံ့□
၇	လူလတ်အဖွဲ	၁□/၃□	၈၀	-	၈၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး/ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်/ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးတွင် နေထိုင်သောရွာသူရွာသားများသည် မိမိတာဝန်ကျရာနေရာများတွင် စည်းလုံးညီညွတ်စွာပါဝင်ဆောင်ရွက်ကြသောကြောင့် သာရေးနာရေး၊ဘာသာရေးလုပ်ငန်းများတွင် စည်ကားနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁□/၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး/ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများနိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် အခြားအဖွဲ့အစည်းများအဖြစ် သမဝါယမအဖွဲ့နှင့် Pact Myanmarအဖွဲ့များရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၉၁	၁၁	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃	၁	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၇	၁	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃၈	၈	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၂၅	၁၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၇၄	၃၃	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာ၏ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးအိမ်ထောင်စုစာရင်းကောက်ယူမှုအရ မြေယာမဲ့ဦးရေ(၉၁)ဦးနှင့် မြေယာပိုင်ရှိအိမ်ထောင်စု(၈၃)ဦးရှိပြီး အမျိုးသမီးဦးဆောင်အိမ်ထောင်စုမှာ မြေယာမဲ့ (၁၁)ဦးနှင့် မြေယာရှိသူ (၂၂)ဦးရှိကြောင်း လေ့လာတွေ့ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	၃၄၇	တစ်နှစ်ပတ်လုံး✔ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ✔မရှိ☐မဖြေဆိုပါ☐	လျော့✔တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက် မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာသည် မြေနိမ့်လွင်ပြင်ဒေသဖြစ်သောကြောင့် အဝီစိတွင်းများကိုသာ အသုံးပြုနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၃၅၅	တင်း	၇၀	၁၀၀	၈၀	ဇူလိုင်	အောက်တိုဘာ	မြင့်☐လတ်✓နိမ့်☐	မြင့်☐လတ်✓နိမ့်✓	မြင့်✓လတ်☐နိမ့်☐
မြေပဲ	၂၀၀	တင်း	၃၅	၅၀	၃၀	နိုဝင်ဘာ	ဇွန်	မြင့်☐လတ်✓နိမ့်☐	မြင့်☐လတ်✓နိမ့်☐	မြင့်✓လတ်☐နိမ့်☐
ပဲရင်း	၂၀၀	တင်း	၂၀	၂၅	၂၀	အောက်တိုဘာ	ဖေဖော်ဝါရီ	မြင့်☐လတ်✓နိမ့်☐	မြင့်☐လတ်✓နိမ့်☐	မြင့်✓လတ်☐နိမ့်☐
နေကြာ	၁၅၀	တင်း	၃၀	၄၀	၃၅	ဒီဇင်ဘာ	ဇွန်	မြင့်☐လတ်✓နိမ့်☐	မြင့်☐လတ်✓နိမ့်☐	မြင့်✓လတ်☐နိမ့်☐
မြေထောက်ပဲ	၄၃၈	တင်း	၁၅	၂၀	၁၅	ဒီဇင်ဘာ	ဇွန်	မြင့်☐လတ်✓နိမ့်☐	မြင့်☐လတ်✓နိမ့်☐	မြင့်✓လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် စပါးအပြင်မြေပဲ၊ပဲရင်း၊နေကြာနှင့် မြေထောက်ပဲများ စိုက်ပျိုးကြသည်ကို လေ့လာတွေ့ရှိရပါသည်။စိုက်ပျိုးရေးတွင် ရာသီဥတုဖောက်ပြန်မှုများရှိရာ အချို့သောနှစ်များတွင် အမြတ်ရရှိမှု နည်းပါးပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၈	–	–	၈၈
လက်တွန်းထွန်စက်	၁၇	–	–	–
အစေ့ချကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	၄	–	–	၉၂
ရေစုပ်စက်	၂၆	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုနည်းပါးပါသည်။ ကျေးရွာတွင် လက်တွန်းထွန်စက်(၁၇)စီး၊ ခြွေလှေ့စက်(၄)စီး၊ ရေစုပ်စက်(၂၆)လုံး ပိုင်ဆိုင်ကြပါသည်။ကျေးရွာရှိတောင်သူအများစုသည် ထွန်စက်၊ ခြွေလှေ့စက်နှင့် ရေစုပ်စက်များကို ငှားရမ်းသုံးစွဲကြရသဖြင့် စိုက်ပျိုးရိတ်သိမ်းချိန် နောက်ကျခြင်းဖြစ်ပေါ်၍ သီးနှံအထွက်နှုန်း နည်းပါးမှုကြောင့် တောင်သူများ ဝင်ငွေလျော့နည်းမှုရှိပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း✓သင့်တင့်မျှတ☐မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း✓သင့်တင့်မျှတ☐မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☐မဖြေဆိုပါ✓
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☐မဖြေဆိုပါ✓
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐မဖြေဆိုပါ✓
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်✓မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☐မဖြေဆိုပါ✓
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်✓ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများကို အလွယ်တကူရရှိနိုင်သော်လည်း သီးနှံအထွက်နှုန်းတိုးစေရန်အတွက် ခွင့်အလမ်းများ နည်းပါးနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ရာသီဥတုမမှန်☐မဖြေဆိုပါ✓
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ✓
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်✓လုံးဝမရ☐မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ✓
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☐အနည်းငယ်☐မဖြေဆိုပါ✓
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာတတ်မြောက်မှု အားနည်းသောကြောင့် ဒေသအတွင်း အလုပ်ကိုင်အခွင့်အလမ်းနည်းပါးသဖြင့် လုပ်ငန်းများထူထောင်လုပ်ကိုင်နိုင်ရန် ချေးငွေများအမှန်တကယ် လိုအပ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၇၁	၂၃၁
နို့စားနွား	-	
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၁၄၁	၃၁၄
ကြက်	၁၂၃	၇၃၉
ဘဲ	၂	၁၁
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် နွား၊ဝက်၊ကြက် နှင့် ဘဲစသည့် မွေးမြူရေးတို့အား တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ☐အသင့်အတင့်✓မဖြေဆိုပါ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☐အသင့်အတင့်ရနိုင်✓မဖြေဆိုပါ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☐မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂ဝနှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	✓မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ချေးငွေအသင့်အတင့်ရနိုင်☐မဖြေဆိုပါ✓
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်✓မဖြေဆိုပါ☐
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။✓ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်✓မဖြေဆိုပါ☐
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည်☐အသင့်အတင့်ရှိသည်✓မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☐မဖြေဆိုပါ✓
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်☐ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ✓
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ချေးငွေရနိုင်သည်☐ မဖြေဆိုပါ✓
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☐မဖြေဆိုပါ✓
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☐ မဖြေဆိုပါ✓
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☐မဖြေဆိုပါ✓
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်☐အသင့်အတင့်လွယ်ကူသည်☐မဖြေဆိုပါ✓
ရာသီဥတုအခြေအနေပြောင်းလဲမှု(အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☐ မထိခိုက်ပါ ☐ မဖြေဆိုပါ✓

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိချောင်းအိုက်ကျေးရွာတွင် မွေးမြူရေးအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့် ရေနှင့်ပတ်သတ်သောအခွင့်အရေးများမရှိပါ။တိရိစ္ဆာန်အစာနှင့်ဆေးများကိုဝယ်ယူရရှိနိုင်ပါသည်။အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှုအသင့်အတင့်ရှိသဖြင့်တစ်နိုင်တစ်ပိုင်မွေးမြူနိုင်ခြင်းဖြစ်ပါသည်။တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းတိုးတက်ရန် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေး၊ နည်းပညာ၊ ငွေကြေးဝန်ဆောင်မှုများ ရရှိရန်လိုအပ်ပါသည်။

(၃) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
